**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**
**ဝန်ကြီးရုံး**

**အမိန့်ကြော်ငြာစာအမှတ်၊ ၁၇ / ၂၀၁၇**
**၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်**
**( ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက် )**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ- ၁၃၊ ပုဒ်မခွဲ ( ခ ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ ၂၀၁၇ ခုနှစ် ပြက္ခဒိန်နှစ်အတွက် ဆောက်လုပ်ရေးလုပ်ငန်းသုံး စက်ယန္တရားနှင့် လုပ်ငန်းသုံးယန္တရားများအား အရောင်းပြခန်း (Show Room) များတွင် ရောင်းချရန် တင်သွင်းရာတွင် အောက်ဖော်ပြပါ စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(က) ယန္တရားအရောင်းပြခန်း ဖွင့်လှစ်ရန်အတွက် မြန်မာနိုင်ငံသားမှဖြစ်စေ၊ မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသားဖက်စပ်ဆောင်ရွက်ခြင်းဖြစ်စေ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် ဝန်ဆောင်မှုကုမ္ပဏီအဖြစ် မှတ်ပုံတင်လက်မှတ်ရရှိထားသည့် ကုမ္ပဏီဖြစ်ရမည်ဖြစ်ပြီး၊ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်ခြင်းနှင့် စီးပွားရေးအကျိုးဆောင် မှတ်ပုံတင်ခြင်း ဆောင်ရွက်ပြီးဖြစ်ရမည်။ ၎င်းကုမ္ပဏီသည် နိုင်ငံခြားရှိပင်ရင်းကုမ္ပဏီမှဖြစ်စေ၊ ဒေသဆိုင်ရာ (Regional Office) မှဖြစ်စေ စက်ယန္တရားအသစ်များ ဖြန့်ဖြူးရောင်းချရန် အရောင်းကိုယ်စားလှယ် Distributorship ဖြင့် တရားဝင်ခန့်အပ်ခြင်း ခံရသူဖြစ်ရမည်။

( ခ ) ယန္တရားအရောင်းပြခန်းဖွင့်လှစ်မည့် ကုမ္ပဏီတစ်ခုအတွက် စီးပွားရေးအကျိုးဆောင် မှတ်ပုံတင် လက်မှတ်တစ်ခုဖြင့်သာ ဆောင်ရွက်ရမည်။

( ဂ ) ယန္တရားအရောင်းပြခန်း ဖွင့်လှစ်ဆောင်ရွက်မည့် ကုမ္ပဏီ၏ ဘဏ်စာရင်းတွင် အာမခံငွေ (Deposit) အဖြစ် မြန်မာကျပ်ငွေသိန်း (၇၅၀၀) အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အသိအမှတ်ပြုထားသည့် ဘဏ်တစ်ခုခုတွင် သီးခြားငွေစာရင်းဖွင့်လှစ်၍ ထည့်သွင်းသိမ်းဆည်းထားရမည်။

(ဃ) ယန္တရားများအား အရောင်းပြခန်း (Show Room) ဖွင့်လှစ်ပြီး ဆောင်ရွက်ရသည့် ဝန်ဆောင်မှုသည် ပြည်တွင်းအခွန်များဦးစီးဌာန၏ ဥပဒေနှင့်အညီ သတ်မှတ်ထားသည့် ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ရမည်။ ဝယ်သူအနေနှင့် ဝင်ငွေခွန်ဥပဒေပုဒ်မ- ၁၄ အရ အသုံးပြုသည့်ငွေကြေးအပေါ်တွင် ဝင်ငွေရလမ်းတင်ပြနိုင်ခြင်းမရှိပါက စည်းကြပ်မှုမှလွတ်ကင်းနေသော ဝင်ငွေခွန်ခေါင်းစဉ်ဖြင့် ဝင်ငွေခွန်ပေးဆောင်ရမည်။

( င ) ရောင်းချပြီးယန္တရားများအတွက် တစ်ဖက်နိုင်ငံသို့ ယာဉ်တန်ဖိုးပေးချေရာတွင် ငွေလွှဲလုပ်ငန်းများအား သက်ဆိုင်ရာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ဘဏ္ဍာရေးစည်းမျဉ်းများအတိုင်း လိုက်နာဆောင်ရွက်ရမည်။

( စ ) တင်သွင်းလာမည့် ယန္တရားများ၏ Model Year သည် ရောက်ရှိခုနှစ်မှ (၃) နှစ်အတွင်း အသုံးမပြုရသေးသော Brand New ဖြစ်ရမည်။

(ဆ) ယန္တရားအရောင်းပြခန်း ဖွင့်လှစ်သည့် ကုမ္ပဏီများအနေဖြင့် ယန္တရားများ လျှောက်ထားရာ၌ ကုမ္ပဏီမှတင်ပြသည့် Proforma Invoice ပါဈေးနှုန်းများအတိုင်း သွင်းကုန်လိုင်စင် လက်ခံဆောင်ရွက်ပေးရန်နှင့် ဆိပ်ကမ်းတွင် စည်းကြပ်တန်ဖိုးကောက်ခံခြင်းအတွက် အကောက်ခွန်ဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ ခွင့်ပြုဆောင်ရွက်ပါမည်။

( ဇ ) ယန္တရားအရောင်းပြခန်းတွင် ပြသရောင်းချမည့် ယန္တရားများကို တင်သွင်းရာတွင် အပ်ကုန် (Consignment Basic) စနစ်အပြင် LC (Letter of Credit) ငွေလွှဲစာတမ်းဖြင့် ပေးချေသည့်စနစ် သို့မဟုတ် TT (Telegraphic Transfer) ကြေးနန်းငွေလွှဲပို့နည်းစနစ်ဖြင့် တင်သွင်းနိုင်သည်။

( ဈ) ယန္တရားများကိုတင်သွင်းရာတွင် တင်သွင်းခွင့်ပြုသည့်လိုင်စင် သက်တမ်းကာလအတွင်း မြန်မာနိုင်ငံအရောက် တင်သွင်းရမည်။

(ည) ယန္တရားအရောင်းပြခန်းများတွင် ရောင်းချရန်အတွက် တင်သွင်းလိုသည့် ယန္တရားအရေအတွက်နှင့် စပ်လျဉ်း၍ မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သောလုပ်ငန်းများကြီးကြပ်ရေးကော်မတီမှ အခါအားလျော်စွာ ထုတ်ပြန်သတ်မှတ်သည့် အရေအတွက်အတိုင်းသာ တင်သွင်းရမည်။

( ဋ ) တင်သွင်းလာသောယန္တရားများကို သတ်မှတ်ထားသော ယန္တရားအရောင်းပြခန်းနှင့် သိုလှောင်ရုံတွင်သာ ထားရှိရမည်။ ယင်းအရောင်းပြခန်းမှအပ အခြားနေရာ

များတွင် ပြသရောင်းချခြင်း၊ ဝယ်သူအားရောင်းချခြင်း မပြုမီလမ်းများပေါ်တွင် မောင်းနှင်အသုံးပြုခြင်း လုံးဝမပြုလုပ်ရ။

(ဌ) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာ စည်ပင်သာယာရေးအဖွဲ့များထံမှ လုပ်ငန်းလုပ်ကိုင်ခွင့်ကို လုပ်ထုံးလုပ်နည်းနှင့် အညီဆောင်ရွက်ရမည်။

(ဍ) အရောင်းပြခန်း၏ လုပ်ငန်းဆောင်ရွက်မှုအပေါ် မူတည်၍ စက်ယန္တရားအမှတ်တံဆိပ်အား Brand တစ်မျိုးထက်ပိုမို၍ စိစစ်ဆောင်ရွက်ခွင့်ပြုမည်။

(ဎ) အရောင်းပြခန်းတွင် ရောင်းချရန်အတွက် ပြည်ပမှ တင်သွင်းမည့် လုပ်ငန်းသုံး ယန္တရားများအား ယန္တရားအမျိုးအစားအလိုက် အရေအတွက်သတ်မှတ်စိစစ်၍ လျှောက်ထားခွင့်ပြုမည်။

(ဏ) အရောင်းပြခန်းတွင် ရောက်ရှိလာသောလုပ်ငန်းသုံးယန္တရားများအား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် အရောင်းပြခန်း ဖွင့်လှစ်သူမှ တင်သွင်းခွင့်လိုင်စင် ရယူပြီးဖြစ်၍ ဝယ်ယူသူမှ ဝယ်ယူခွင့်ပါမစ် လျှောက်ထား ရယူခြင်း၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ခြင်း ဆောင်ရွက်ရမည်။

(တ) တင်သွင်းလာမည့် လုပ်ငန်းသုံးယန္တရားများ၏ Vehicle Weight အား မြန်မာနိုင်ငံ၏ လမ်းတံတားများ ခံနိုင်ဝန် ( တန် ၆၀ ) ထက်မပိုသော ယာဉ်များကိုသာ ခွင့်ပြုမည်။

(ထ) တင်သွင်းလာမည့် လုပ်ငန်းသုံးယန္တရားများ၏ Vehicle Weight အား ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် မြန်မာနိုင်ငံ၏ လမ်းတံတား များခံနိုင်ဝန် (တန် ၆၀) ထက်မပိုသော ယန္တရားများကို ခွင့်ပြုမည်ဖြစ်သော်လည်း လုပ်ငန်းလိုအပ်ချက်အရ သတ်မှတ်တန်ချိန် ကျော်လွန်ပါက ကုမ္ပဏီအနေဖြင့် အသုံးပြုမည့် လုပ်ငန်းအပေါ်မူတည်၍ အမှုတွဲ (၁) ခုချင်းစီအလိုက် တင်ပြပြီး သက်ဆိုင်ရာဌာနများ၏ သဘောထားမှတ်ချက်ဖြင့် ခွင့်ပြုဆောင်ရွက် ပါမည်။

(ဒ) လုပ်ငန်းသုံးယန္တရားများကို ပင်လယ်ရေကြောင်းအပြင် နယ်စပ်ဒေသမှပါ တင်သွင်းခွင့်ပြုမည်။

(ဓ) ရောင်းချမည့် ကုမ္ပဏီအမည်၊ ရောင်းချသည့် စက်ယန္တရားအမှတ်တံဆိပ် အမျိုးအစား၊ ရောင်းချသည့် အရေအတွက်၊ အသုံးပြုမည့်လုပ်ငန်း တည်ရှိရာ

ဒေသ၊ ရောင်းချမည့် ကုမ္ပဏီ၏ လုပ်ငန်းအမျိုးအစား (တူးဖော်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း) စသည့်ဖြင့် ကုန်လမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ နှစ်စဉ် (Annual Report) တင်ပြရမည်။

( န ) ရန်ကုန်ဆိပ်ကမ်းမှ သိုလှောင်ရုံသို့လည်းကောင်း၊ သိုလှောင်ရုံမှ Show Room/ Sale Center နေရာသို့လည်းကောင်း၊ Show Room/ Sale Center တွင် ဝယ်ယူပြီး သက်ဆိုင်ရာလုပ်ငန်းခွင်များသို့လည်းကောင်း ပြောင်းရွှေ့ရာတွင် လမ်းတံတားများမပျက်စီးစေရန်အတွက် ချိန်းတပ်ယာဉ်များအား ဝန်တင်ယာဉ် (Transporter) ဖြင့်သာ တင်ဆောင်ပြောင်းရွှေ့ရမည်။

( ပ ) ချိန်းတပ်ယန္တရားများနှင့် ၎င်းတို့ကို သယ်ယူပို့ဆောင်ဝန်တင်ယာဉ် (၂) မျိုးပေါင်း အလေးချိန်သည် မြန်မာနိုင်ငံ၏ လမ်းတံတားများခံနိုင်ဝန် (တန် ၆၀) ထက်ကျော်လွန်ခြင်းမရှိရန်နှင့် ကျော်လွန်ပါက အပိုင်းလိုက်ဖြုတ်၍ ယာဉ်တစ်စီးစီနှင့် ခွဲခြားသယ်ဆောင်ရမည်။ (ဥပမာ- Backhoe မောင်းတံ၊ မြေကော် စသည်ဖြင့်)

( ဖ ) တင်သွင်းသည့် ယန္တရားအသစ်များအတွက် လိုအပ်သည့်အာမခံမှု၊ Spare Parts အပိုပစ္စည်းများရောင်းချနိုင်မှု၊ ရောင်းချပြီးနောက်ပိုင်းပြင်ဆင်မှုများ (After Sale Services) ကိုဆောင်ရွက်နိုင်မည့် အလုပ်ရုံကို တည်ထောင်ဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

( ဗ) ယန္တရား အရောင်းပြခန်းများ၏ ပရဝုဏ်အကျယ်အဝန်းသည် အနည်းဆုံး စုစုပေါင်း ၃ ဧက (စတုရန်းပေ ၁၄၅၂၀၀) ရှိရမည်။ စက်ယန္တရားများအား ခင်းကျင်းပြသထားရှိမည့် ဧရိယာ (Show Room Display Yard) သည် အနည်းဆုံးစတုရန်းပေ ၃၀၀၀၀ ရှိရမည်။ အရောင်းပြခန်းနေရာသည် Concrete Yard ဖြစ်ရမည်။

(ဘ) စက်ယန္တရားများပြုပြင်ရန်လိုအပ်သောပစ္စည်း အပြည့်အစုံပါသော ပြင်ဆင်ရေးလုပ်ငန်းဌာန ServiceWorkshop မှာ အနည်းဆုံး (၅၀၀၀) စတုရန်းပေရှိရမည်။

( မ) အရောင်းပြခန်းဖွင့်လှစ်သည့်နေရာသည် မြို့တွင်း (Down Town) ဧရိယာ၏ ပြင်ပဖြစ်ရမည်။

(ယ) အရောင်းပြခန်း တည်ရှိရာ မြေသည် မိမိပိုင်မြေဖြစ်လျှင် ကုမ္ပဏီဒါရိုက်တာ တစ်ဦးဦး၏ အမည်ပါရှိသည့် မူရင်းဂရံအထောက်အထားရှိရမည်။

(ရ) အကယ်၍ မြေငှားဖြစ်လျှင် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် တံဆိပ်ခေါင်းကပ် မှတ်ပုံတင်ထားသည့် အနည်းဆုံး(၃) နှစ်သက်တမ်းရှိ မြေငှားစာချုပ်မူရင်းအား အထောက်အထားအဖြစ် တင်ပြရမည်။

(လ) အရောင်းပြခန်းဖွင့်လှစ်မည့်နေရာနှင့် သိုလှောင်ရုံသတ်မှတ်ချက်သည် မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သောလုပ်ငန်းများကြီးကြပ်ရေးကော်မတီ၏ အခါအားလျော်စွာ ထုတ်ပြန်သော စံနှုန်းသတ်မှတ်ချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်။

(ဝ) ယန္တရားအရောင်းပြခန်းနှင့် သိုလှောင်ရုံနေရာသည် ယင်းအရောင်းပြခန်းဖွင့်လှစ်မည့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခု အတွင်း၌သာ တည်ရှိရမည်။

(သ) ယန္တရားအရောင်းပြခန်းဖွင့်လှစ်ခွင့်ရရှိသည့် ကုမ္ပဏီအနေဖြင့် ခွင့်ပြုထားသော ယန္တရားတင်သွင်းခွင့်လိုင်စင်ကို အခြားသူတစ်ဦးသို့ လွှဲပြောင်းရောင်းချခြင်း မပြုရ။

(ဟ) ယန္တရားအရောင်းပြခန်းဖွင့်လှစ်သည့် ကုမ္ပဏီအနေဖြင့် အရောင်းပြခန်းတွင် (၃) နှစ်အတွင်း မရောင်းရသော ယန္တရားများကိုဖြစ်စေ၊ လုပ်ငန်းရပ်ဆိုင်း၍ ကျန်ရှိနေသော ယန္တရားများကိုဖြစ်စေ စာရင်းရှင်းလင်း၍ ယင်းကုမ္ပဏီ အစီအစဉ်ဖြင့် ပြည်ပသို့ ပြန်လည်တင်ပို့ရန် (သို့) သတ်မှတ်ကာလ (၃) နှစ်အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် အပြီးမှတ်ပုံတင်ရန်။

(ဠ) အပ်ကုန် (Consignment) ဖြင့် တင်သွင်းခဲ့သည့် ယန္တရားများရောင်းချခြင်း၊ ငွေလွှဲခြင်း၊ လက်ကျန်စာရင်းရှင်းလင်းခြင်း၊ လုပ်ငန်းရပ်ဆိုင်း၍ သတ်မှတ်ထားသော စည်းကမ်းများနှင့်အညီ စာရင်းရှင်းလင်းခြင်းတို့ကိုအပြီးသတ်ဆောင်ရွက်ပြီးပါက အပ်နှံထားသောအာမခံငွေ (Deposit) မြန်မာကျပ်ငွေသိန်း (၇၅၀၀) အား ပြန်လည်ထုတ်ယူနိုင်သည်။

(အ) ယန္တရားအရောင်းပြခန်းတွင် ရောင်းချရန် တင်သွင်းခဲ့သည့် ယန္တရားများနှင့် စပ်လျဉ်း၍ ထားရှိရမည့် စာရွက်စာတမ်း၊ လယ်ဂျာစာရင်းစာအုပ် စသည်တို့ကို မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သော လုပ်ငန်းများကြီးကြပ်ရေးကော်မတီမှဖြစ်စေ၊ ယင်းကော်မတီမှ တာဝန်လွှဲအပ်သည့်အဖွဲ့အစည်းမှဖြစ်စေ ဝင်ရောက်စစ်ဆေးခြင်းကို သက်ဆိုင်ရာလုပ်ငန်းရှင်မှ ခွင့်ပြုရမည်။

(ကက)အရောင်းပြခန်းလက်မှတ်၊ စီးပွားရေးအကျိုးဆောင် မှတ်ပုံတင်လက်မှတ်တို့ကို အနည်းဆုံးသက်တမ်း မကုန်မီ (၁) လ ကြိုတင်၍ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားရမည်။

(ကခ) အထက်ပါစည်းကမ်းချက်များကို လိုက်နာခြင်းမရှိပါက အရောင်းပြခန်း ဖွင့်လှစ်ခွင့် ရုတ်သိမ်းခြင်း၊ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင် ရပ်ဆိုင်းခြင်း အပါအဝင် သတ်မှတ်လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်မည်။

၃။ အထက်အပိုဒ် ၂ ပါစည်းကမ်းချက်များအား လိုက်နာခြင်းမရှိပါက သက်ဆိုင်ရာဌာနများ၏ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်။

(ပုံ)
ဒေါက်တာသန်းမြင့်
ပြည်ထောင်စုဝန်ကြီး
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

စာအမှတ်၊ စက - ၁၄/၂(၁) - ၄၉/၂၀၁၇ ( ၅ )
ရက် စွဲ ၊ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနများအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး
နေပြည်တော်ကောင်စီရုံး
တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များအားလုံး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ စားသုံးသူရေးရာဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

| | |
|---|---|
| ညွှန်ကြားရေးမှူးချုပ် | မြန်မာနိုင်ငံပြန်တမ်းတွင် |
| ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန | ထည့်သွင်းကြေညာပေးပါရန် |

မြန်မာ့မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင်များအသင်း
မော်တော်ယာဉ်ဖြန့်ဖြူးရောင်းချသူများအသင်း
ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ
အသင်းချုပ် (ညီနောင်အသင်းများထံ ထပ်မံဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။)

အမိန့်အရ

တိုးအောင်မြင့်
အမြဲတမ်းအတွင်းဝန်